
Tae Ra
ချစ်စိတ်လေးတွေ ဖူးပွင့်စေ
(ရှီလော့စန်း)
စာစဉ် – ၁၁

အခန်း ၂၀၁။

## မနက်ဖြန် ပြင်သစ်အနမ်းပေးလို့ ရပြီလို့ ပြောနေတာလား

"ဟို... ကျွန်မ ငြင်းရတာက ကျွန်မတို့ တွဲဖြစ်တာက ရုတ်တရက်ကြီး မဟုတ်လား၊ စိတ်ထဲလဲ နားမလည်နိုင်သလို နည်းနည်း ရှုပ်သွားခဲ့တယ်၊ ဒါပေမဲ့ သည်းငယ် အခု သေချာ ပြန်စဉ်းစားကြည့်ပြီးသွားပြီ... ကျွင်းထင်ရဲ့ စေတနာကို မငြင်းချင်တော့ဘူး၊ အခုကစပြီး ဒီပတ်သက်မှုအပေါ် သေချာ အတည်ယူ အလေးအနက်ထားတော့မယ်၊ ပြီးတော့ ကျွင်းထင် အကြောင်း လဲ ကျွန်မ ပိုပြီး သိချင်တယ်" သူမက ပြောလျှင် ပြောသည့်အတိုင်း စိတ်ထဲ ရှိသူဖြစ်သည်။ နောင်တစ်ချိန်မှာ မည်သို့ပင် ဖြစ်လာစေကာမူ၊ သူမ မည်သူ မည်ဝါ ဖြစ်ကြောင်း သူ သိသွားသောအခါ မည်သို့ တုံ့ပြန်စေကာမူ သူမ ကတော့ ပစ္စုပ္ပန်ကိုသာ အလေးအနက်အာရုံပြုထားတော့မည်။

သူမက ငယ်သေးသည်။ သူမ အချစ်ရေးမှာ စိတ်မနှစ်နိုင်ရလောက်အောင် အနှောင့်အယှက် ဖြစ်နေစေသည့် အကြောင်းရင်းမှာ ယီကျင်ရှီးကြောင့် ဟူ၍ မဖြစ်စေလို။

သူမ စကားကို ကြားတော့ ချန်ကျွင်းထင်တစ်ယောက် ကုမ္ပဏီ စထောင် ပြီးချင်းချင်း ပထမဆုံး အမြတ်အစွန်းထွက်တုန်းကလို ဝမ်းသာသွားမိလေ သည်။

"သည်းငယ် ကိုယ့်အကြောင်းကို သိဖို့က လွယ်ပါတယ်၊ မြင်တဲ့အတိုင်း ကိုယ်က အရာရာ ပြီးပြည့်စုံနေပြီးသားလေ"

လော့စန်း နှုတ်ခမ်းကိုသာ ကိုက်ထားလိုက်ရင်း ထိုအကြောင်းနှင့်

ပတ်သက်၍ စကားမဆက်တော့ပေ။ သူမ သူ့ကိုသာ မေးလိုက်တော့သည်။

"ရှင်ကရော... ရှင် ကျွန်မနဲ့ တွဲတာ၊ ကျွန်မ အပေါ် ကောင်းတာတွေက လူကို ကြိုက်လို့လား၊ ဒါမှမဟုတ် ကျွန်မက ငြင်းလိုက်လို့ မရ ရအောင် လိုက်မယ်ဆိုပြီး အနိုင်လို စိတ်နဲ့ လိုက်တာလား၊ ယောကျ်ားတော်တော်များများက အဲ့လိုတွေပဲလေ... မိန်းကလေးတွေနဲ့ တွဲတယ်ဆိုတာ ချစ်လို့ ကြိုက်လို့ဆိုတာထက် စစချင်းမှာ အရမလွယ်လို့"

"အနိုင်ရတာမျိုးအတွက်လား" ချွန်ကျွင်းထင် ခဏ ရပ်လိုက်ပြီးနောက် ပြန်ဖြေလေသည်။

"ကိုယ်တော့ အနိုင်လိုချင်တဲ့ ကိစ္စတစ်ရပ်လုံးကို နားမလည်ဘူး၊ ဘာလို့ဆို ကိုယ်လိုချင်သမျှ အမြဲ ရနေခဲ့တာပဲလေ၊ သည်းငယ်ကျတော့ရော ကိုယ့်ကို ဘယ်တုန်းက ငြင်းခဲ့ဖူးလို့လဲ၊ ဒီအတိုင်း မူရုံ မူနေတာ မဟုတ်ဘူးလား"

လော့စန်း လွန်စွာ ဆွံ့အသွားမိတော့လေသည်။

"အဲ့သဘောတော့ မဟုတ်ပါဘူး၊ ကိုယ့်အတွက် သည်းငယ်ဟာ ကိုယ်အတူတူ အမြဲရှိနေချင်တဲ့ တစ်ယောက်တည်းသော မိန်းကလေးပဲ" ချွန်ကျွင်းထင်၏ အသံက ပြတ်သားစွာ ဆက်ပြောလာခဲ့သည်။

လော့စန်း သူ့အား မော့ကြည့်လိုက်သည်။ သစ်ရွက် သစ်ကိုင်းများကြားမှ လရောင်သည် သူ့မျက်နှာ ချောချောဆီ ကျဆင်းနေလေသည်။ ဘုရားသခင်ကိုယ်တိုင်ဖန်ဆင်းထားသော အနုပညာ လက်ရာသဖွယ် လှပလွန်းနေတော့သည်။

မိန်းကလေး အများစု နည်းတူ၊ လော့စန်းသည်လည်း ရုပ်ရည်ချောမောသာ ယောကျ်ားလေးကို ကြိုက်သည်။ သူမ ချစ်သူက လွန်စွာ ခံ့ညားနေသူဖြစ်သောကြောင့် ဂုဏ်ဆာဝင့်ကြွားချင်လည်း ကြွားပါစေဟု ခွင့်ပြုထား

လိုက်တော့လေသည်။

"ကိုယ့်မျက်နှာကို ကြည့်ပြီး သွားရေကျနေမိသလိုကြီး မကြည့်ပါနဲ့လား၊ သည်းငယ် ကိုယ့်ကို ကြိတ်ကြိုက်နေတာ ကြာပြီမှန်း ကိုယ် သိပါတယ်... ဟန်ဆောင်မနေနဲ့တော့" ချွန်ကျွင်းထင် ဂုဏ်ယူဝံ့ကြွားစွာ ပြုံးလိုက်ကာ လော့စန်းကို ထပ်နမ်းရန် ကြိုးစားပြန်တော့သည်။

"ကျွင်းထင် ခုနက နမ်းပြီးပြီလေ" လော့စန်း နှုတ်ခမ်းကို ကာထားလိုက်ပြီး သူ့ကို မျက်လုံးချင်း ဆိုင်ကြည့်လိုက်သည်။ သူတို့နှစ်ဦးစလုံး ရင်ခုန်သံမြန်လာချေပြီ။

"ဟုတ်တယ်၊ ဒါပေမဲ့ အခုက ပြင်သစ်လို နမ်းချင်တာ" ချွန်ကျွင်းထင် ပြောင်ပြောင်တင်းတင်း ပြောလာ၏။

လော့စန်း မျက်နှာ နီရဲသွားတော့သည်။

"လောဘမကြီးစမ်းနဲ့၊ ကျွန်မတို့ တွဲတာဖြင့် ရက်ပိုင်းလောက်ပဲ ရှိသေးတယ်၊ အဲ့ဒါတောင် အကြင်နာတွေလဲ ပေးပြီးနေပြီ..."

ချွန်ကျွင်းထင် ခဏမျှ တွေးနေလိုက်ပြီးနောက် ဆိုတော့သည်။

"ဒါဆို မနက်ဖြန်ကျရင်တော့ ပြင်သစ်လို နမ်းလို့ ရပြီလို့ ပြောချင်တာလား"

လော့စန်း ဆွံ့အရပြန်ပြီ။ သူမ ဘယ်တုန်းက အဲ့သလို ပြောမိလို့လဲ။ သူ့အတွေးတွေက ဘယ်လို လားရာမျိုးနှင့် ဦးတည်သွားနေသည်လဲ။

"ကျွင်းထင် ကျွန်မအတွက် စပျစ်သီး နှစ်ဇလုံ၊ ဂရိပ်ဖရု တစ်ဇလုံစာ အခွံခွာပေးရင် ပြင်သစ်လို အနမ်းခံမယ်လေ... ကိုယ့်ဘာသာ အခွံခွာပေးရမှာနော်၊ သူများ မခိုင်းရဘူး"

ချွန်ကျွင်းထင် မျက်တောင် ဖြည်းဖြည်းချင်း ခတ်လိုက်သည်။ သူအမုန်း

ဆုံးက အသီးခွံခွာရခြင်း။ "ဘယ်လို ဇလုံမျိုးလဲ" သူ မေးခဲ့သည်။

"ထမင်း ဇလုံလောက်ဆိုရလား၊ ကလေး ဖြည့်စွက်စာ ပန်းကန်လုံးရော ရလား"

"မဟုတ်ဘူး၊ ဇလုံကြီးနဲ့ပဲ" လော့စန်း သူ့ကို တွန်းလိုက်တော့သည်။ 'ကလေး ပန်းကန်လုံး—အိပ်မက်ထဲမှာပဲ ရမယ်'

ချန်ကျွင်းထင် မျက်ခုံးများ တွန့်ကျုံ့သွားမိပြီး သူမအား စက္ကန့်သုံးဆယ်မျှ ဘာမှ မပြောဘဲ စိုက်ကြည့်နေလေသည်။ နောက်တော့ ရုတ်တရက် ထသွားလေ၏။

"ဘာလုပ်မလို့လဲ" လော့စန်း လန့်လာပြီ။

"ကိုယ် အိမ်ပြန်ပြီး စပျစ်သီးခွံခွာတော့မလို့" ဟု သူက ဆိုသည်။

လော့စန်း ရုတ်တရက် နောင်တရမိသွားတော့သည်။ အခုတော့၊ စပျစ်သီး နှစ်ဇလုံနှင့် ဂရိပ်ဖရု တစ်ဇလုံမှာ နည်းပါးလွန်းသည်ဟု သူမ ထင်လာမိတော့သည်။

"အလျင်လိုစရာ မလိုပါဘူး" သူမ ပြောလိုက်၏။

ချန်ကျွင်းထင် နာရီကို ကြည့်လိုက်ပြီးနောက် ပြောလိုက်တော့သည်။

"ဆယ်နာရီတောင် ခွဲနေပြီ၊ သစ်သီးဆိုင်တွေ ပိတ်ကုန်တော့မှာ"

"သည်းငယ်က ဂရိပ်ဖရုကို ချိုတာပဲ စားမှာနော်၊ ချဉ်တာဆို မကြိုက်ဘူး" ချန်ကျွင်းထင် သူမကို ဘယ်လို ဆက်ဆံခဲ့သလဲ ကောင်းစွာ မှတ်မိသေးသည်။

ချန်ကျွင်းထင် မျက်မှောင်ကြုတ်က ဆိုတော့သည်။

"သည်းငယ် သိပ်ပြီး တောင်းဆိုတာတွေ များနေတာမဟုတ်ဘူးလား"

"ဘယ်မှာများလို့လဲ၊ ကျွင်းထင်လဲ အဲ့သလို တောင်းဆိုခဲ့တာ မဟုတ်လို့

လား"

"ကလဲ့စားချေတယ်ပေါ့" ချွန်ကျွင်းထင်၏ မျက်ခုံးက တွန့်သည်ထက် ပို တွန့်လာလေသည်။

"လော့... ဒီလောက် သဘောထားသေးမယ်လို့ ကိုယ် မထင်ခဲ့ဘူး"

***

## အခန်း ၂၀၂။
## သူမကို နမ်းရဖို့ ဘာမဆို လုပ်မှာ

"ဟုတ်တယ်" လော့စန်း ခေါင်းညိတ်လိုက်ကာ အပြစ်ကင်းစင်လေဟန် ဆောင်နေသည်။

"ကျွင်းထင် မေ့သွားတာလား၊ ဟို 'Dark Secrets' ရုပ်ရှင် မိတ်ဆက်ပွဲည ကလေ ကျွန်မ သတိပေးခဲ့သေးတယ်လေ၊ ကျွန်မကို မချစ်မိသွားစေနဲ့ ချစ်မိသွားရင် ပြန်ပေးဆပ်ရစေမယ်လို့..."

"ဟုတ်လား၊ ကိုယ် လုံးဝ မေ့သွားတယ်၊ မဟုတ်ဘဲ လျှောက်ပြောမနေနဲ့နော်... ကြားလား သည်းငယ်" သူက ဆိုသည်။

...

သူ အားနာဟန် မျက်နှာထား တဖြည်းဖြည်းနှင့် ပြောင်းသွားသည်အထိ လော့စန်း သူ့အား စိုက်ကြည့်နေလိုက်လေသည်။ သူ ချောင်းဟန့်ကာ ပြောတော့သည်။

"ပြီးရော၊ ကိုယ် သည်းငယ်ရဲ့ အစွမ်းကို လျှော့တွက်မိသွားတယ် မြေခွေးမလေး..."

လော့စန်းလည်း ပြုံးကာ ထရပ်လိုက်တော့သည်။

"သွား အိမ်ပြန်တော့၊ အဆောင်လဲ တံခါးပိတ်တော့မှာ"

ချန်ကျွင်းထင် ရှောင်စီနှင့်အတူ သူမကို အဆောင်နားလေးထိ ပြန်လိုက်ပို့ပေးသည်။ မခွဲခွာခင်လည်း သူ သူမကို သိမ်းကျုံးဖက်ထားလိုက်ပြီးမှ မ

လွှတ်ချင် တွန့်ဆုတ်လျက်က ပြန်လွှတ်ပေးပြီး ပြန်သွားလေ၏။

လော့စန်းကတော့ သူ့အရိပ်ကလေး ပျောက်ကွယ်သွားသည်အထိ စောင့်ကြည့်နေခဲ့မိသည်။ သူမ ရင်ထဲမှာလည်း ကြည်နူးဝမ်းသာ မဆုံးဖြစ်နေမိ၏။

"လူကဖြင့် သွားတာကြာလှပြီ၊ ပြုံးစိစိနဲ့ ဘာတွေ ငေးနေသေးတာတုန်း" တစ်စုံတစ်ယောက် အနောက်မှနေ၍ သူမ၏ ပခုံးကို လာပုတ်သည်။

ယန်စုဖြစ်လေသည်။ ယန်စုက သူမကို ရယ်ကျဲကျဲဖြင့်၊ စူးစူးစမ်းစမ်းဟန်ဖြင့် ကြည့်နေလေ၏။

လော့စန်း ရှက်သွားမိပြီး ပြောတော့သည်။

"ငါ တွေးစရာရှိနေလို့ ငေးသလိုဖြစ်နေတာပါဟ… စု အခုမှ ပြန်ရောက်တာလား"

"မစ္စတာချန် နင့်ကို ဖက်နေကတည်းက ငါ ရောက်နေတာ၊ နင့်ခေါင်းမှာသာ တခြား တွေးစရာ နေရာအလွတ်ရှိသေးရဲ့လားတောင် မသိဘူး"

ယန်စုက သူမက စ,နောက်နေတော့သည်။

"အဆင့်တက်တာမြန်တယ်နော်၊ ဖက်တဲ့အဆင့်တောင် ရောက်နေပြီ၊ တွဲတာ ဘယ်နှရက် ရှိသေးလို့လဲ"

လော့စန်း သူမကို မျက်နှာတည်တည်နှင့် ကြည့်လိုက်တော့သည်။ "တော်ပြီလေ၊ အပေါ်တက်ရအောင်… မစ္စတာချန် ငါ့ကို ငန်းသား ဝယ်လာပေးတယ်၊ တော်တော် စားကောင်းတယ်ဟ"

ယန်စုက သူမကို အံ့သြတကြီး ပြန်ကြည့်လေသည်။

"ဝိုး… သူ့ကို ညဘက်ကြီး ကောင်မလေးဆီ စားစရာ လာပို့ပေးမဲ့ လူမျိုးလို့ ထင်မထားခဲ့မိဘူး… ဒီလို သည်းသည်းလှုပ် အပြုအမူမျိုး လုပ်ပေးနိုင်ရ

လောက်အောင် သူ့ EQ က နိမ့်လွန်းနေတယ် မဟုတ်လား"

"သူက EQ နိမ့်တာတော့ အမှန်ပဲ၊ ဒါပေမဲ့ စိတ်အားထက်သန်တယ်... သူ့ဘက်က စပြီး လှမ်းပေးခဲ့တဲ့ ခြေလှမ်းတွေလဲ အများကြီးပဲ၊ ယောကျ်ားတစ်ယောက်က မိန်းမတစ်ယောက်ကို တကယ်ပဲ ဂရုစိုက်အလေးထားနေပြီဆိုရင် အဲဒီမိန်းမက ခံစားမိပါတယ်၊ EQ မြင့်ပြီးသား ယောကျ်ားကို လိုက်ရှာကြိုက်စရာ မလိုပါဘူး... အဲလို လူတွေက သူတို့ကောင်မလေးတွေကို အပြောချိုချိုလေးတွေနဲ့ ချော့မော့ပြီး ခြေရှုပ်ကြတာ များတယ်..."

"အိုမို... ကြည့်စမ်း ကြည့်စမ်း၊ ဘဲဘဲကို စွတ်အမွှန်းတွေ တင်ပြီး သစ္စာရှိရှိ ကာကွယ် ပြောပေးနေလိုက်တာ၊ နင် အခုတော့ ပြောင်းလဲသွားပြီပေါ့လေ" ယန်စုက သူမ၏ ပခုံးကို ပြောင်စေ ပြက်စေ တွန်းတိုက်လိုက်တော့လေသည်။

သူမတို့ အဆောင်ခန်းထဲ ပြန်ရောက်တော့ ထန်နင်းလည်း ပြန်ရောက်နေချေပြီ။ သူတို့အားလုံး ငန်းသားဟင်းကို အတူတူ ဝေမျှ စားလိုက်ကြပြီးနောက်တော့ လော့စန်း ရေသွားချိုးသည်။ ယီကျင်ရှီးကြောင့် စိတ်အနှောင့်အယှက်ဖြစ်ကာ ညစ်ညူးနေရမှုများလည်း တဖြည်းဖြည်းချင်း ပျောက်သွားတော့လေသည်။

...

ထျန်းဟူစံအိမ်၌...

ရှုန်ကျွင်းထင် သစ်သီး အိတ်ကြီး လေးအိတ် ဆွဲကာ အိမ်ထဲ ဝင်လာတော့ ည ၁၁ နာရီခွဲနေပြီ။ ရှုန်ရှီးကတော့ ဆိုဖာပေါ် ပျင်းရိပျင်းတွဲ လှဲရင်း တီဗွီကြည့်နေသည်။ သူ ဝင်လာသည်ကိုတွေ့တော့ သူမ မျက်လုံးကလေးများ အရောင်တောက်သွားတော့လေ၏။

"ဝါး အစ်ကို... ခုလေးတင် အစ်ကို့အိမ်မှာ သရေစာမရှိလို့ ပြောနေတုန်းရှိသေး၊ စိတ်ချင်းဆက်နေလို့ ဝယ်လာပေးတာများလား၊ ညီမ လာနေမယ်ဆိုတာ သိနေတာလား... စိတ်ထဲ ထိရှသွားပါပြီနော်"

သူမ ဆိုဖာပေါ်မှ ချက်ချင်းထထိုင်လိုက်ကာ သစ်သီးအိတ်များဆီ လက်လှမ်းလာလေသည်။

ရှုန်ကျွင်းထင်က သူမ၏ လက်ကို ကာလိုက်ပြီး ပြော၏။

"ဒါ မင်းအတွက် မဟုတ်ဘူး... ဖယ်စမ်း"

ရှုန်ရှီး ဘေးဘီဝဲယာကို ကြည့်လိုက်ကာ ပြန်ပြောတော့သည်။ "ဒီမှာ ညီမပဲ ရှိနေတာလေ၊ ညီမအတွက် မဟုတ်ရင် ဘယ်သူ့အတွက်လဲ၊ စန်းစန်းအတွက်လို့ မပြောနဲ့၊ သူက အခု အိမ်မှာရှိနေတာလဲ မဟုတ်ဘဲနဲ့..."

"ဟုတ်တယ်၊ အိမ်မှာ မရှိဘူး ငါ သိတယ်၊ အခု အခွံခွာပြီး မနက်ကျ သွားပို့ပေးမလို့" ရှုန်ကျွင်းထင် အစ်မလန်ကို ခေါ်လိုက်သည်။ "ဒီအသီးတွေ ဆေးပေးပါဦး"

ရှုန်ရှီးကတော့ အံ့သြလို့ မဆုံး။

"အစ်ကို နေရောကောင်းရဲ့လား၊ အစ်ကိုက အသီးခွံ ခွာရတာ မုန်းတယ် မဟုတ်ဘူးလား"

"အေး၊ မုန်းတယ်... ဒါပေမဲ့ ငါ့မှာ ရွေးချယ်စရာမှ မရှိတာ" သူ သူမကို ထပ်နမ်းခွင့်ရဖို့ ဘာမဆို လုပ်မည်ဖြစ်သည်။ သူ လုပ်ရမည့်အရာက သူ အဘယ်မျှ မုန်းသော အရာဖြစ်နေပါစေ၊ သူ ရအောင် လုပ်မှာဖြစ်၏။

"အိုးမိုင်ဂေါ့... စန်းစန်း အစ်ကို့ကို ဘယ်လို ပြုစားလိုက်တာများလဲ" ရှုန်ရှီး မယုံကြည်နိုင်စွာ နှုတ်ခမ်းကိုပါ လက်ဖြင့် အုပ်လိုက်မိတော့သည်။ "ဟုတ်ပါပြီ၊ အစ်ကို စော်ရဖို့ဆိုတာလဲ လွယ်တာမှ မဟုတ်တာ... ဒီကိစ္စ

အတွက်နဲ့ လိုက်တွက်ကပ်မနေတော့ဘူး၊ နည်းနည်းလောက်တော့ စားလို့ရမလား... နည်းနည်းလေးပဲလေ"

"ငါ ဝယ်လာတာ လောက်ပ့ါမလား မသိဘူး၊ စပျစ်သီးနဲ့ ဆီးသီး တစ်လုံးနှစ်လုံး ယူစားလို့ရတယ်... ဂရိပ်ဖရုကတော့ ချဉ်ရင် စား"

". . ."

***